## မာတိကာ


၁။ ကာတွန်း
(Cartoon by Robert Coover)

၂။ ပြဿနာတစ်ခု
(A Problem by Jorge Louis Borges)

၃။ ရှရိုဒင်ဂါရဲ့ ကြောင်
(Schroedinger's Cat by Ursula K Leguin)

၄။ ပါရာဂွေး
(Paraguay by Donald Barthelme)

၅။ နွေကာလရဲ့ ဖုန်မှုန့်များ
(Gryphon by Charle Baxter)

၆။ X = Y
(X=Y by Susan Daitch )

၇။ ဝိရောဓိများနှင့်နေထိုင်ခြင်း
(Living with Contradiction by Lynne Tillman)

၈။ ပုံပြင်များရဲ့စေစားရာ
(*This Is What Means to say Phoenix, Arizona by Sherman Alexie*)

၉။ ရှင်နာဂါဝါမှ မျောက်တစ်ကောင်
(A Shinagawa Monkey by Haruki Murakami)

၁၀။ ဗန်ဂိုးရဲ့နားရွက်
(Vangoh's Ear by Moacyr Scliar)

၁၁။ ပုရွက်ဆိတ်များ
(Ants by Boris Vian)

၁၂။ ရောမအင်ပါယာကျဆုံးခန်း ၁၈၈၁ အင်ဒီယန်းအုံကြွမှု ဟစ်တလာ ပိုလန်သို့ ကျူးကျော်ခြင်းနှင့် ဒေါသထန်နေတဲ့ လေရိုင်းနယ်ပယ်
(*The Fall of Roman Emperor . . . by Haruki Murakami*)

၁၃။ အခြားတပါးသော သူ
(The Other by Jorge Louis Borges)


# နိဒါန်း

### ပို့စ်မော်ဒန်စာပေသမိုင်း အကျဉ်း

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ၁၉၅၀ နှစ်တွေမှာ ပြင်သစ် အတွေးအခေါ်ပညာရှင်တွေရဲ့ လှုပ်ရှားမှုတွေကနေ ပို့စ်မော်ဒန်စာပေဟာ ပေါ်ပေါက်လာတယ်။ အဓိက,တော့ ပြင်သစ်ဖြစ်တည်မှု အတွေးအခေါ်တွေကို ဆန့်ကျင်လာတဲ့ အဆောက်အအုံဝါဒီ (Structuralists) တွေကြောင့်လို့ ဆိုနိုင်တယ်။ အစောပိုင်း အဆောက်အအုံဝါဒဟာ အထက်စီး မော်ဒန်ဝါဒ (High Modernism) ကို ထောက်ခံမှုပဲလို့ ဝေဖန်မှုတွေလည်း ရှိကြတယ်။ နောက်ပိုင်းမှာတော့ အဆောက်အအုံဝါဒအတွေးအခေါ် ပညာရှင်တွေဟာ ပို့စ်အဆောက်အအုံဝါဒ (post structuralism) ကို ပြောင်းလဲလာပြီး သူတို့ရဲ့ ရှေ့က ရှိခဲ့တဲ့ အတွေးအခေါ်တွေကို မေးခွန်းတွေ ပြန်ထုတ်လာခဲ့တယ်။ ဒီပို့စ်အဆောက်အအုံဝါဒီတွေရဲ့ လှုပ်ရှားမှုဟာ ပို့စ်မော်ဒန်စာပေရဲ့ ပင်မမြစ်ဖျားလို့ ဆိုနိုင်တယ်။ ထင်ရှားတဲ့ ပို့စ်အဆောက်အအုံဝါဒီတွေဖြစ်ကြတဲ့ မီးရှဲလ်ဖူးကိုး၊ ရိုလွန်ဘာ့သ်၊ ယန်းဘော်ဒရီယား၊ ဂီးလ်ဒီလူး၊ ယက်ဒေရီဒါ၊ လီယိုတာ၊ ဂျူလီယာခရစ္စတိုဗာ၊ ဘီနိုက်ယေးတို့ရဲ့အတွေး၊ အတွေးအခေါ်တွေဟာ ကမ္ဘာ့စာပေရေစီးကြောင်းကို ပြောင်းလဲစေခဲ့တာ အမှန်ပါပဲ။ စာပေလက်ရာတွေအနေနဲ့ ၁၉၄၉ ခုနှစ် မှာ ထုတ်ဝေတဲ့ ဂျွန်ဟော့ခ်ရဲ့ The Cannibal ဝတ္ထု၊ ၁၉၅၃ မှာ ထုတ်တဲ့ ဆင်မြူရယ်ဘက်ကက်လို့ ဆိုကြတယ်။ တချို့ကလည်း မော်ဒန်စာပေကို အဆုံးစွန်အထိ ချဲ့ထွင်နိုင်ခဲ့တဲ့ ဂျိမ်းစ်ဂျွိုက်စ်ရဲ့ Finnegan Wake ဟာ ပို့စ်မော်ဒန်လက်ရာ ဖြစ်တယ်လို့ ဆိုကြပြန်တယ်။ အစောပိုင်း ပို့စ်မော်ဒန် စာရေးဆရာတွေဖြစ်တဲ့ ဂျွန်ဘာ့သ်၊ ဒေါ်နယ်ဘာသဲမ်းတို့လို စာရေးဆရာတွေဟာ ပုံသဏ္ဌာန်အစွန်းရောက်မှုတွေ ရှိခဲ့ကြတယ်။ ၂၀ ရာစု နှောင်းပိုင်း ပို့စ်မော်ဒန်စာရေးဆရာတွေကျတော့ ပုံသဏ္ဌာန်အစွန်းရောက်မှုတွေ လျော့ချလာပြီး လွှမ်းမိုးကြီးစိုးတဲ့ အတွေးအခေါ်တွေ၊ လူမှုစည်းကမ်းတွေ၊ ပညာရေးတွေ၊ လူမျိုးရေးတွေ အစရှိတာတွေကို ပြန်မေးခွန်း ထုတ်လာကြတယ်။ ဒီနေ့ခေတ်မှာတော့ ဂျပန်စာရေးဆရာ မူရာကာမိရဲ့ အမေရိကန် စာရေးဆရာ ဂျိုနသန်ဆာဖရန်ဖိုအာတို့ဟာ ထင်ရှားတယ်။

### စာရေးဆရာများ

"နိုင်ငံတကာ ပို့စ်မော်ဒန်ဝတ္ထုတိုများ"လို့ အမည်ပေးထားတဲ့ ဒီစာအုပ်မှာ စာရေးဆရာ ၁၀ ဦး ပါဝင်ပါတယ်။ ဒီ ၁၀ ဦးထဲက ဘောဂျက် (Jorge Louis Borges)၊ ရောဘတ်ကူးဗား (Robert Coover)၊ ဒေါ်နယ်ဘာသဲမ်း (Donal Barthelme)၊ ဘောရစ္စဗီယန် (Borisvian)တို့ဟာ ပထမမျိုးဆက် ပို့စ်မော်ဒန်ကြသူတွေလည်း ဖြစ်ကြသလို၊ ပို့စ်မော်ဒန် စာပေမှာ ဩဇာကြီးမားကြသူတွေလည်း ဖြစ်ကြတယ်။ ကျန်စာရေးဆရာများကတော့ မျက်မှောက်ခေတ်ရဲ့ သိပ်မဝေးကြတဲ့ ဒုတိယနဲ့ တတိယမျိုးဆက် ပို့စ်မော်ဒန် စာရေးဆရာတွေဖြစ်ကြတယ်။ မူရာကာမိဆိုရင် လက်ရှိအချိန်မှာ စာဖတ်ပရိသတ် အများဆုံး စာရေးဆရာတစ်ဦးဖြစ်ပြီး "စာပေရော့ခ်စတား"လို့တောင် တင်စားခံရသူ ဖြစ်တယ်။

### ကျေးဇူးတင်ရှိခြင်း

မဂ္ဂဇင်းအသီးသီးမှာ ဖော်ပြပါရှိပြီးဖြစ်တဲ့ ကျွန်တော့်ရဲ့ ဘာသာပြန်ဝတ္ထုတိုတွေကို စုစည်းထုတ်ဝေပေးတဲ့ 'စံပီရာ' စာအုပ်တိုက်မှ ကိုလူမန်သာနဲ့ မအေးမိစံတို့ကို အထူးကျေးဇူးတင်ပါကြောင်း။